# ရှမ်းပြည်နယ်ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးဥပဒေ

**(၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၉။)**

**၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်**

**(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)**

## နိဒါန်း

ရှမ်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများ လုံခြုံချောမွေ့စွာ ပို့ဆောင်နိုင်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန်လည်းကောင်း၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ ကြီးကြပ်နိုင်ရန် အလို့ငှာ ပုဂ္ဂလိကယာဉ်များ စည်းကမ်းရှိစွာ စနစ်တကျ ပြေးဆွဲနိုင်ရေးအတွက် ရှမ်းပြည်နယ် လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **"ရှမ်းပြည်နယ်ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ"** ဟု ခေါ်တွင်စေရမည်။



တွင် စက်အင်အားဖြင့် မောင်းနှင်ခြင်း၊ ဆွဲငင်ခြင်းဖြင့် အသုံးပြုသည့် စက်တပ်ယာဉ်၊ ဝန်တင်ယာဉ်နောက်တွဲယာဉ်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်ယာဉ် တစ်မျိုးမျိုးကို ဆိုသည်။ သီးခြား ဥပစာဝင်း၌ အသုံးပြုသောယာဉ်၊ စီးပွားရေးကိစ္စမှတစ်ပါး အခြားကိစ္စများအတွက် အသုံးပြုသော မော်တော်ယာဉ်တစ်ခုခု မပါဝင်ချေ။

(ဈ) **မော်တော်ယာဉ်လုပ်ငန်း** ဆိုသည်မှာ ပုဂ္ဂလိက မော်တော်ယာဉ်ကို အသုံးပြု၍ စီးပွားရေး လုပ်ကိုင်သော မည်သည့်စီးပွားရေးလုပ်ငန်းမဆို ပါဝင်သည်။

## အခန်း(၂)

## ကော်မတီဖွဲ့စည်းခြင်း

၃။ ဝန်ကြီးသည် ရှမ်းပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်ဖြင့် ခရီးသည်များ သို့မဟုတ် ကုန်စည်များ သို့မဟုတ် ခရီးသည်နှင့် ကုန်စည်များ စသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီမံအုပ်ချုပ်ဆောင်ရွက်ရန် ပြည်နယ်ပုဂ္ဂလိကယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းခန့်အပ်ထားရမည်။

၄။ ကော်မတီတွင် ဥက္ကဋ္ဌနှင့် (၁၂)ဦးထက် မပိုသော အဖွဲ့ဝင်များ ပါဝင်ရမည်။ ကော်မတီတွင် ဘဏ္ဍာရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ခံများကို

ကော်မတီဝင်များထဲမှ အများဆန္ဒဖြင့် ရွေးချယ်၍ တာဝန်ပေးအပ်ရမည်။

၅။ ကော်မတီသက်တမ်းသည် သုံးနှစ်ဖြစ်သည်။

၆။ ဝန်ကြီးသည် ကော်မတီ၏ ဥက္ကဋ္ဌကိုဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးရန်မသင့်ဟု ယူဆပါက အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရာထူးမှ နုတ်ပယ်နိုင်သည်။

၇။ ဝန်ကြီးသည် ရာထူးမှနုတ်ပယ်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးလစ်လပ်လျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယင်းလစ်လပ်သွားသည့် နေရာ၌ အသစ်ခန့်ထားနိုင်သည်။အသစ်ခန့်ထားသည့် သက်တမ်းသည်ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာဖြစ်စေရမည်။

၈။ ကော်မတီက စီမံဆောင်ရွက်သည့်ကိစ္စရပ်များသည် အဖွဲ့ဝင်ရာထူး လစ်လပ်သည့် အကြောင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦးခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိသည့် အကြောင်းကြောင့် သော်လည်းကောင်း၊ မပျက်ပြယ်စေရ။

၉။ ကော်မတီတွင်ပါဝင်သည့် အစိုးရဝန်ထမ်း မဟုတ်သည့် အဖွဲ့ဝင်များအား ဝန်ကြီးဌာနက အခါအား လျော်စွာ သတ်မှတ်သည့် အခများနှင့် စရိတ်ငွေများ ပေးရမည်။

၁၀။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။



(ခ) ဤဥပဒေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် ရှမ်းပြည်နယ်အတွင်း၌ စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကိုဆိုလိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုလိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုလိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုလိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ပြည်နယ် ပုဂ္ဂလိကယာဉ်လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီကို ဆိုလိုသည်။

(စ) **နည်းဥပဒေများ** ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနက ထုတ်ပြန်သော နည်းဥပဒေများကိုဆိုလိုသည်။

(ဆ) **ပုဂ္ဂလိကယာဉ်** ဆိုသည်မှာ နိုင်ငံတော်ပိုင်ယာဉ်မှတစ်ပါး ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ သယ်ယူပို့ဆောင်ရန်အလို့ငှာ ရှမ်းပြည်နယ်အတွင်း အများပြည်သူဆိုင်ရာ လမ်းများအပေါ်

D/real(wide) (2

## အခန်း(၃)

## ကော်မတီ၏တာဝန်ဝတ္တရားများ

၁၁။ ကော်မတီသည် ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် အတွင်းရှိ ဒေသတစ်ခုခု၊ မြို့နယ်၊ ခရိုင်၊ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မော်တော်ယာဉ်များဖြင့် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းအားလုံးကို ယေဘုယျ အားဖြင့် ဆောင်ရွက်ရန်တာဝန်ရှိရမည်။ ထို့အပြင် ကော်မတီသည် ဤဥပဒေအရ မိမိ၏ တာဝန်ဝတ္တရားများကို နည်းလမ်းတကျ ဆောင်ရွက်ရန် လိုအပ်သော သို့မဟုတ် သင့်လျော်သော အခြားလုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်သည်။

၁၂။ ကော်မတီသည် ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်၏ ယေဘုယျ သဘောကို မထိခိုက်စေဘဲ အဆိုပါတာဝန်များအပြင် အောက်ပါ လုပ်ငန်းများကိုလည်းဆောင်ရွက်ရမည်-

(က) ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်များကို မိမိ၏ စီမံခန့်ခွဲမှု အောက်သို့ ဝင်ရောက်လာနိုင် စေရေး ဆောင်ရွက်ရမည့်အပြင် မော်တော်ယာဉ် ပိုင်ရှင်များ၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ကိုလည်း ကူညီဆောင်ရွက်ပေးရမည်။

(ခ) ပုဂ္ဂလိကခရီးသည်နှင့် ကုန်စည် ပို့ဆောင်ရေး နှုန်းထားများ၊ ယာဉ်ငှားရမ်းခနှုန်းထားများအား ပြည်သူ့အကျိုးရှေးရှု၍ သင့်တင့်မျှတစွာ ရှိစေရေးအတွက် ဝန်ကြီးဌာန၏ သဘောတူညီ ချက်ဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

D/real(wide) (3



## အခန်း(၄)

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၃။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကော်မတီရုံးနှင့် လက်အောက်ခံ ကြီးကြပ် ကွပ်ကဲရေးအဖွဲ့များကို ကြီးကြပ်ခြင်း။

(ခ) မော်တော်ယာဉ်ပိုင်ရှင်များ၊ မော်တော်ယာဉ် လုပ်သားများနှင့် ကော်မတီရုံး၏ ဝန်ထမ်းများ အား ညှိနှိုင်းပေးခြင်း။

(ဂ) လိုအပ်ပါက ပြည်နယ်အဆင့် ဌာနဆိုင်ရာများ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ဌာနများ၊ မော်တော်ယာဉ်လိုင်းများနှင့် မော်တော်ယာဉ် ဂိတ်များ လိုက်နာရန်စည်းကမ်း သတ်မှတ် ပေးခြင်း။

(င) ဝန်ထမ်းများခန့်ထားခြင်း၊ရာထူးတိုးမြှင့်ခြင်း၊ အရေးယူအပြစ်ပေးခြင်းစသည့် ဝန်ထမ်းရေးရာ ကိစ္စများအပေါ် စီမံခန့်ခွဲခြင်း။

(စ) ကော်မတီသည် မိမိလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့် များကို ကျင့်သုံးဆောင်ရွက်ရာ၌ လိုအပ်ပါက မိမိလက်အောက်ရှိ ဌာနခွဲ တစ်ခုခုကိုဖြစ်စေ၊ ကြီးကြပ်ရေးကော်မတီ တစ်ရပ်ရပ်ကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်နိုင်သည်။

(ဆ) ဝန်ကြီးဌာနက အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း(၅)

## ဘဏ္ဍာရေး

၁၄။ ကော်မတီသည်-

(က) သတ်မှတ်ထားချက်များနှင့်အညီ ရှာဖွေရရှိသော မိမိရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်။

(ခ) မိမိ၏ ရန်ပုံငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ ကော်မတီ၏ လုပ်ငန်းများတွင် သုံးစွဲရမည်။

(ဂ) ရရှိသော နိုင်ငံခြားငွေသုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကော်မတီ၏ လုပ်ငန်းများတွင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။

(ဃ) မိမိရန်ပုံငွေရရှိစေရန် နိုင်ငံတော်၏ တည်ဆဲဥပဒေများ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၁၅။ ကော်မတီသည်-

(က) ဘဏ္ဍာရေးတာဝန်ခံက ရေးဆွဲတင်ပြသော နှစ်စဉ်ရသုံးမှန်းခြေ ငွေစာရင်းကိုစိစစ်ပြီး ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

D/real(wide) (4



(ဂ) ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှု အဆင်ပြေစေရန်အတွက် မော်တော်ယာဉ်လိုင်းများ အသစ်ဖွဲ့စည်းခြင်း၊ ခရီးတိုးချဲ့ပြေးဆွဲခြင်း၊ ခရီးစဉ်ပြောင်းလဲခြင်း၊ ခရီးစဉ်ဖျက်သိမ်းခြင်း၊ ယာဉ်အင်အား ပြောင်းလဲခြင်း၊ ပြေးဆွဲသည့် ယာဉ်အမျိုးအစားပြောင်းလဲခြင်းတို့ကို ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(ဃ) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုအတွက် မော်တော်ယာဉ်ဂိတ်နှင့် ယာဉ်ရပ်နားစခန်းများကို မြို့တွင်း၊ ရပ်ကွက်၊ လမ်းမ၊ လမ်းကြားများတွင် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန်အတွက် သတ်မှတ်ထားသည့် ယာဉ်ရပ်နားစခန်းများတွင်သာ ရပ်နားစေရေးကို ဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ရမည်။

(င) ကော်မတီအစည်းအဝေးကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပရမည်။

(စ) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။

(ဆ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

(ခ) မိမိ၏ ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်တို့ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြရမည်။

(ဂ) လစဉ်ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြားရန်ပုံငွေများနှင့် အသုံးစာရင်းများအတွက် လချုပ်ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများကို အစစ်ဆေးခံနိုင်ရန် ပြုစုထားရှိရမည့်အပြင် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတွင် တင်ပြရမည်။

## အခန်း(၆)

## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၁၆။ ကော်မတီသည် ဘဏ္ဍာရေးတာဝန်ခံက စာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်း ပြုနိုင်ရန် အလို့ငှာ အစိုးရဌာနများနည်းတူ ငွေစာရင်း လုပ်ထုံးလုပ်နည်းများကို ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

၁၇။ ဘဏ္ဍာရေးတာဝန်ခံသည်-

(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစု ထိန်းသိမ်းထားရမည်။



## အခန်း(၈)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း နှင့်အယူခံခြင်း

၁၉။ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေအရဖြစ်စေ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်လည်းကောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်လျှင် လည်းကောင်း ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း တွေ့ရှိလျှင် ကော်မတီသည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း။

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေတပ်ရိုက်ခြင်း။

(ဂ) သက်ဆိုင်ရာနှင့် ညှိနှိုင်း၍ လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း။

(ဃ) သက်ဆိုင်ရာနှင့်ညှိနှိုင်း၍ လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကိုပယ်ဖျက်ခြင်း။

၂၀။ ပုဒ်မ ၁၉ အရ ကော်မတီက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကိုမကျေနပ်ပါက ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။

၂၁။ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အပေါ် အယူခံမှုနှင့် စပ်လျဉ်း၍-

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်း မပြုရ။

(ခ) ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၉)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၂။ မည်သူမဆို ကော်မတီဝင် သို့မဟုတ် ကော်မတီ ဝန်ထမ်းတစ်ဦးဦးက ကော်မတီ သို့မဟုတ် ကော်မတီ ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် သို့မဟုတ် တာဝန်ဝတ္တရားဆောင်ရွက်ရန် အားထုတ်နေစဉ် ထိုသူတို့ကို ဟန့်တားနှောင့်ယှက်မှု၊ လက်ရောက်မှု သို့မဟုတ် အနိုင်အထက်ပြုမှု ကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ ပုဒ်မ ၁၉ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်ကို လိုက်နာဆောင်ရွက်ရန်

D/real(wide) (6



(ခ) ပုဒ်မခွဲ (က) အရ ပြုစုထားသည့် စာရင်းများနှင့် စပ်လျဉ်း၍ ပြည်နယ်စာရင်းစစ်ချုပ်ရုံးက တာဝန်ပေးအပ်သူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း(၇)

## ဝန်ထမ်းဖွဲ့စည်းပုံ

၁၈။ ကော်မတီသည်-

(က) လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ဝန်ကြီးဌာနမှ တစ်ဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

(ခ) တည်ဆဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို ခန့်ထားနိုင်သည်။

(ဂ) ဝန်ထမ်းများခန့်ထားရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲခြင်း မပြုရ။

(ဃ) ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် အလို့ငှာ ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များကို ဝန်ထမ်းရေးရာတာဝန်အား လိုအပ်သလို လွှဲအပ်နိုင်သည်။

ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ဆက်လက်၍ပျက်ကွက်သည့်နေ့ အသီးသီးအတွက် တစ်ရက်လျှင် အနည်းဆုံးငွေဒဏ် ကျပ်တစ်သောင်းမှ အများဆုံးငွေဒဏ် ကျပ်ငါးသောင်းအထိ ချမှတ်ရမည်။

## အခန်း(၁၀)

## အထွေထွေ

၂၅။ ပုဒ်မ ၂၂၊ ၂၃၊ ၂၄ အရ ပြစ်မှုများကို ရဲအရေးပိုင်မှုအဖြစ် သတ်မှတ်သည်။

၂၆။ ပုဒ်မ ၂၅ ပါ ပြစ်မှုများကို တရားစွဲဆိုရန်အတွက် ဝန်ကြီး ဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၂၇။ ဝန်ကြီးဌာနသည်-

(က) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား အနီးကပ် ကြီးကြပ်ကွပ်ကဲနိုင်ရန် လိုအပ်သော ဒေသဆိုင်ရာ (မြို့နယ်) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို စနစ်တကျ ဖွဲ့စည်းရမည်။

(ခ) ဒေသဆိုင်ရာ (မြို့နယ်)ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ များအတွက် လိုအပ်သည့် ဖွဲ့စည်းပုံ တာဝန် ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များ၊ ဘဏ္ဍာရေးကိစ္စ များအား သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

D/real(wide) (7

၂၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန သို့မဟုတ် ကော်မတီသည် လိုအပ်သော စည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) စဝ်အောင်မြတ်

ဝန်ကြီးချုပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့

D/real(wide) (8)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | နိဒါန်း | ၁ | ၁ |
| ၂။ | အခန်း (၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၃ |
| ၃။ | အခန်း (၂) ကော်မတီဖွဲ့စည်းခြင်း | ၃ | ၄ |
| ၄။ | အခန်း (၃) ကော်မတီ၏တာဝန်ဝတ္တရားများ | ၅ | ၆ |
| ၅။ | အခန်း (၄) ကော်မတီ၏လုပ်ပိုင်ခွင့်များ | ၇ | ၈ |
| ၆။ | အခန်း (၅) ဘဏ္ဍာရေး | ၈ | ၉ |
| ၇။ | အခန်း (၆) ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း | ၉ | ၁၀ |
| ၈။ | အခန်း (၇) ဝန်ထမ်းဖွဲ့စည်းပုံ | ၁၀ | ၁၀ |
| ၉။ | အခန်း (၈) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့်အယူခံခြင်း | ၁၁ | ၁၂ |
| ၁၀။ | အခန်း (၉) ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၁၂ | ၁၃ |
| ၁၁။ | အခန်း (၁၀) အထွေထွေ | ၁၃ | ၁၄ |


D/real(wide) (9

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရှမ်းပြည်နယ်လွှတ်တော်

## တောင်ကြီးမြို့

# ရှမ်းပြည်နယ်ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးဥပဒေ

**(၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၉။)**

ရှမ်းပြည်နယ်လွှတ်တော်က ထုတ်ဝေသည်။

၂၀၂၀ ပြည့်နှစ်